# အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ် COVID-19 နှင့်ပတ်သက်၍ တိုကျိုမြို့၏မြို့သူမြို့သားများအားလုံးကို မေတ္တာရပ်ခံအပ်ပါသည်

○ ယခု အမျိုးအစားသစ်ကိုရိုနာဗိုင်းရပ်စ် COVID-19 ဖြစ်ပွားနေသည့်လူများမှာ အလွန်များပြားပါသည်။ ထပ်ပြီး တိုးပွားလာပါက အန္တရာယ်ရှိပါသည်။

○ တိုကျိုမြို့တွင် အရေးပေါ်အခြေအနေကြေငြာချက် ထုတ်ပြန်ခဲ့ပါသည်။ ယခု အရေးကြီးသည်မှာ တတ်နိုင်သမျှ အိမ်ထဲတွင်နေရန်၊ အပြင်မထွက်ကြရန် ဖြစ်ပါသည်။ လူများသွားလာလှုပ်ရှားခြင်း မပြုလုပ်ကြရန်ဖြစ်သည်။ ထို့နောက် လူများနှင့်တွေ့ဆုံခြင်း၊ စကားပြောဆိုခြင်းများ မလုပ်ကြပါနှင့်။

○ သင့်ဘဝနေထိုင်မှုပုံစံကို ပြောင်းလဲရန် အရေးပေါ် ကြေငြာချက်ဖြစ်ပါသည်။

**ဘယ်အချိန်မှ ဘယ်အချိန်ထိ**

ဖွန်လ 12ရက် (တနင်္လာနေ့) မနက်0နာရီ မှ ဩဂုတ်လ 22ရက် (တနင်္ဂနွေနေ့) ည12နာရီထိ

## မေတ္တာရပ်ခံချက်

**တိုကျိုမြို့တွင် နေထိုင်သူများ**

<u>အိမ်ထဲတွင်နေပါ</u>

○ နေ့လည်ဘက်ရော ညဘက်ရော တတ်နိုင်သမျှ အိမ်ထဲတွင် နေပါ။ တတ်နိုင်သမျှ အပြင်မထွက်ပါနှင့်။
○ တိုကျိုမြို့သို့ ဝင်ထွက်သွားလာခြင်း မပြုရ။
○ လူကြပ်သောအချိန်၌ အပြင်ထွက်ခြင်း၊ လူထူထပ်သောနေရာများသို့သွားခြင်း မပြုပါနှင့်။
○ စားသောက်ဆိုင်ရွေးချယ်ရာတွင် အမျိုးအစားသစ် ကိုရိုနာဗိုင်းရပ်စ် COVID-19 မကူးစက်စေရန် ကာကွယ်ထားသော ဆိုင်များကိုသာ ရွေးချယ်ပါ။
○ လမ်းပေါ်နှင့် ပန်းခြံများတွင် စုဝေး၍ အရက်သေစာ သောက်စားခြင်းကို ရှောင်ကြဉ်ကြပါရန်။

**ဆိုင်ဖွင့်ထားသူများ**

<u>ဆိုင်ပိတ်ခြင်း၊ အချိန်လျှော့ခြင်း၊ ပွဲလမ်းသဘင်များနှင့် ပတ်သက်သည့် မေတ္တာရပ်ခံချက်</u>

※ နောက်စာမျက်နှာကို ကြည့်ပါ။


一般財団法人
東京都つながり創生財団
Tokyo Metropolitan Foundation "TSUNAGARI"

# မေတ္တာရပ်ခံချင်သည့် စင်တာများ (စားသောက်ဆိုင် နှင့် လက်ဖက်ရည်ဆိုင် စသည်)

<table>
<tr><th>စင်တာများ</th><th>မေတ္တာရပ်ခံချက်</th></tr>
<tr><td>စားသောက်ဆိုင်များ</td><td rowspan="3">
＜အရက်ရောင်းချသည့်ဆိုင်များ၊ ကာရာအိုကေပါရှိသည့်ဆိုင်များ၊ ဧည့်သည်မှ အရက် သယ်ဆောင်လာခွင့် ပြုသည့် ဆိုင်များ＞<br>
● ဆိုင်ပိတ်ပါ။<br>
＜အရက်မရောင်းသည့်ဆိုင်များ၊ ကာရာအိုကေမပါသည့်ဆိုင်များ၊ ဧည့်သည်မှ အရက် သယ်ဆောင်လာခွင့် မပြုသည့် ဆိုင်များ＞<br>
● ဆိုင်ဖွင့်၍ရသောအချိန် : မနက် 5နာရီမှ ည 8နာရီအထိ<br>
● မေတ္တာရပ်ခံချက်<br>
・ဆိုင်တွင် အလုပ်လုပ်သူများသည် တတ်နိုင်သမျှ PCR စစ်ဆေးမှု ပြုလုပ်ပါ။<br>
・ဆိုင်ဝင်သည့် လူဦးရေကို လျှော့ချပါ။<br>
・အဖျားရှိနေသူအား ဆိုင်တွင်းသို့ ပေးမဝင်ပါနှင့်။<br>
・လက်ကို အမြဲ သန့်ရှင်းအောင်ထားပါ။ ပိုးမွှားသန့်စင်ဆေးရည်သုံးပါ။<br>
・အလုပ်လုပ်သည့် နေရာကို အမြဲ သန့်ရှင်းအောင်ထားပါ။ ပိုးမွှားသန့်စင်ဆေးရည်သုံးပါ။<br>
・ဆိုင်အတွင်းသို့ဝင်မည့်သူများ မဖြစ်မနေ နှာခေါင်းစည်းကို တပ်ဆင်စေပါ။<br>
・နှာခေါင်းစည်းမတပ်ထားသူများ၊ ပိုးမွှားသန့်စင်ဆေးရည်မသုံးသူများအား ဆိုင်တွင်းသို့ ပေးမဝင်ပါနှင့်။<br>
・ဆိုင်တွင်း၌ ရှိသောသူများက နှာခေါင်းစည်းမတပ်ဆင်ဘဲ စကားပြောခြင်း၊ အသံကျယ်လောင်စွာပြောခြင်းပြုပါက ဆိုင်မှ ထွက်သွားပေးရန် တောင်းဆိုပါ။<br>
・အခန်းအတွင်းရှိ လေထုကို အမြဲ သန့်စင်စေပါ။<br>
・စကားပြောဆိုရာတွင်လည်း အမှုန်အစားသစ်ကိုရှိနာဗိုင်းရပ်စ်ရောဂါ မကူးစက်စေရန် ထိုင်ခုံကို ခွာ၍ထိုင်ခြင်း၊ မျက်နှာချင်းဆိုင်အနေအထား၌ Partition အကာများထားရှိခြင်း စသည်တို့ကို လုပ်ဆောင်ပါ။<br>
・『လုပ်ငန်းအလိုက် ညွှန်ကြားချက်』 များကို လိုက်နာပါ။<br>
<br>
● မင်္ဂလာခန်းမတွင်မူ အထက်ပါ အချက်အလက်အားလုံးနှင့်တကွ (တစ်နာရီခွဲ အထိ)၊ (အယောက် 50 အထိ သို့မဟုတ်၊ ဝင်ဆံ့သည့်ဦးရေ၏ 50% အထိ လူဦးရေ အနည်းငယ်ကိုသာ) လက်ခံပါ။
</td></tr>
<tr><td>အပန်းဖြေစင်တာများ</td></tr>
<tr><td>အစည်းအဝေးခန်းမ စသည်<br>(မင်္ဂလာခန်းမ)</td></tr>
</table>









# မေတ္တာရပ်ခံချင်သည့် စင်တာများ

<table>
<tr><th></th><th>စင်တာများ- ဥပမာ</th><th>မေတ္တာရပ်ခံချက်</th></tr>
<tr><td rowspan="4">စင်တာ<br>-<br>ဆိုင်များ</td><td>ကုန်တိုက်များ၊ ဈေးဝယ်စင်တာ စသည်<br>(နေ့စဉ်သုံးပစ္စည်း အရောင်းကောင်တာများမှ အပ)</td><td rowspan="4">● ဆိုင်ဖွင့်၍ရသောအချိန် (နေ့စဉ်သုံးပစ္စည်း အရောင်းကောင်တာများမှ အပ)<br>1,000 $m^2$ ထက်ကျယ်သည့်စင်တာများ : မနက် 5နာရီမှ ည 8နာရီအထိ<br>1,000 $m^2$ အောက်စင်တာများ : တတ်နိုင်သမျှ မနက် 5နာရီမှ ည 8နာရီအထိ<br><br>● ဆိုင်ဝင်သည့် လူဦးရေကို လျှော့ချပါ။<br><br>● အရက်မရောင်းချပါနှင့်။<br><br>● ဧည့်သည်မှ အရက် သယ်ဆောင်လာခွင့်လည်း မရှိပါ။<br><br>● ကာရာအိုကေ မဖွင့်ပါနှင့်။<br><br>● 『လုပ်ငန်းအလိုက် ညွှန်ကြားချက်』 များကို လိုက်နာပါ။</td></tr>
<tr><td>pachinko ဆိုင်များ၊ ဂိမ်းစင်တာ စသည်</td></tr>
<tr><td>သီးသန့်ခန်းပါရေချိုးခန်းလုပ်ငန်းနှင့်<br>ဆိုင်သောအများသုံးရေချိုးခန်း၊<br>သီးသန့်ခန်းပါဗီဒီယိုဆိုင် စသည်</td></tr>
<tr><td>စူပါမားကတ်ရှိအများသုံးရေချိုးခန်း၊<br>အလှအပဆိုင်ရာလုပ်ငန်း စသည်</td></tr>
</table>

# မေတ္တာရပ်ခံချင်သည့် စင်တာများ (event ပွဲများ)

<table>
<tr><th></th><th>စင်တာများ- ဥပမာ</th><th>မေတ္တာရပ်ခံချက်</th></tr>
<tr><td rowspan="7">စင်တာ<br>-event<br>ပွဲများ</td><td>ပြတိုက်၊ အနုပညာပြခန်း၊ တိရိစ္ဆာန်ရုံစသည်</td><td rowspan="7">● ကြည့်သည်များကို ဝင်ဆံ့သည့်ဦးရေ၏ 50% အထိလျှော့ချပါ။ လူဦးရေ 10,000 ထက်မက ဝင်ဆံ့သော နေရာတွင်မူ ကြည့်သည်ဦးရေကို 5,000 ဦး အထိလက်ခံနိုင်သည်။<br>● စင်တာ ဖွင့်၍ရသောအချိန်<br>event ပွဲများရှိသောအခါတွင် : ည 9နာရီအထိ<br>event ပွဲများမရှိသောအခါ : 1,000㎡ ထက်ကျယ်သည့်စင်တာများ : ည 8နာရီအထိ<br>1,000㎡ အောက်စင်တာများ : တတ်နိုင်သမျှ ည 8နာရီအထိ<br>● စင်တာအတွင်း လူဦးရေ အဝင်အထွက်ကို လျှော့ချပါ။<br>● အရက်မရောင်းချပါနှင့်။<br>● ကြည့်သည်မှ အရက် သယ်ဆောင်လာနိုင်ခွင့်လည်း မရှိပါ။<br>● ကာရာအိုကေ မဖွင့်ပါနှင့်။<br>● 『လုပ်ငန်းအလိုက် ညွှန်ကြားချက်』 များကို လိုက်နာပါ။</td></tr>
<tr><td>ဘေ့စ်ဘောကွင်း၊ အားကစားရုံ၊<br>အားကစားကလပ် စသည်</td></tr>
<tr><td>ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံ၊ အနုပညာခန်းမ စသည်</td></tr>
<tr><td>ပျော်စရာပန်းခြံ၊ အပန်းဖြေဥယျာဉ်</td></tr>
<tr><td>အစည်းအဝေးခန်းမ၊ ပြည်သူ့ခန်းမ စသည်</td></tr>
<tr><td>ပြခန်း၊ ယဉ်ကျေးမှုပြတိုက် စသည်</td></tr>
<tr><td>ဟိုတယ်၊ ဂျပန်စတိုင်တည်းခိုခန်း<br>(စုဝေးရန်အသုံးပြုမည့်နေရာသာလျှင်)</td></tr>
</table>